■改編自：新北市政府教育局
出版《潑水過新年》
□自編

# 111 年新北市各級學校東南亞語文競賽
# 團體朗讀文稿 緬甸語 國小組 B-2

## နှစ်သစ်မင်္ဂလာ ပျော်ရွှင်စရာ

ကျောင်းသား A ။ ။ နှစ်သစ်ကူးတော့မယ်၊ အန်ပေါင်းရတော့မယ်ဆိုတာ စဉ်းစား
မိတိုင်း နှစ်သစ်ကူး မြန်မြန်ရောက်ပါစေလို့ စိတ်ထဲက မျှော်
လင့်နေမိတယ်။

ကျောင်းသား B ။ ။ ဒီနေ့ ဆရာမက နှစ်သစ်ကူးပုံပြင်ကို ပြောပြတယ်။ ဒီ "နှစ်"
ဆိုတဲ့ တိရစ္ဆာန်ကြီးက အနီရောင်၊ မီးအလင်းရောင်နဲ့
ပေါက်ကွဲသံတွေကို ကြောက်တယ်။ ဒါကြောင့် အားလုံးက သူ
ကြောက်လန့်ပြီး ထွက်
ပြေးသွားအောင် အိမ်တံခါးမှာ အနီရောင်စက္ကူတွေကို ကပ်ကြ၊
မီးတွေ ထွန်းကြပြီး "ဘုန်းဘုန်းဒိုင်းဒိုင်း"နဲ့ ပေါက်ကွဲသံတွေ ထွက်
ပေါ်လာအောင် လုပ်ကြတယ်။

ကျောင်းသား A ။ ။ အဲဒါက တရုတ်နှစ်သစ်ကူးတဲ့အခါမှာ နှစ်ချိုးစပ် မင်္ဂလာစကား
ရေးထားတဲ့အနီရောင်စက္ကူတွေကပ်ကြရ၊ ပျောက်အိုးတွေဖောက်
ကြရတဲ့ အကြောင်းရင်းတွေပေါ့နော်။

ကျောင်းသား C ။ ။ကျွန်တော်/ကျွန်မရဲ့ မေမေက မြန်မာနိုင်ငံက လာတာပါ။ နှစ်စဉ်
နှစ်တိုင်းရဲ့ ဧပြီလလယ်ဟာ မြန်မာနိုင်ငံရဲ့ နှစ်သစ်ကူးဖြစ်တယ်လို့

မေမေက ပြောပြတယ်၊ လူကြီး လူငယ်အားလုံး

ရေပက်ကစားကြပြီး

တစ်ဦးကိုတစ်ဦး မေတ္တာပို့ပေးကြတယ်။ နှစ်သစ်ကူးမှာ လူအများ

မုန့် လုံးရေပေါ်စားတာက သိုက်သိုက်ဝန်းဝန်းနဲ့ မင်္ဂလာရှိတဲ့

သဘောပါ။

ကျောင်းသား A ၊ B။ ။ သြော်။ နာမည် အရမ်းကြီးတဲ့ သင်္ကြန်ပွဲတော်ပေါ့။

အရှေ့တောင် အာရှက ဗုဒ္ဓဘာသာကိုးကွယ်တဲ့ နိုင်ငံတိုင်းမှာ

ကျင်းပလေ့ရှိတဲ့ ပွဲတော်လည်း ဖြစ်တယ်။